# အတူတကွအားဖြင့် ပိုမိုလုံခြုံသည်-

## ဩစတြေးလျနှင့် lutruwita/Tasmania ရှိ LGBTIPQ + များအတွက် အခွင့်အရေးများနှင့် အကာအကွယ်များ လမ်းညွှန်

LGBTIQA+ သည် ကျယ်ပြန့်ခြားနားသော လိင်အမျိုးအစားနှင့် လိင်တိမ်းညွတ်မှုအပြင် မွေးရာပါ သဘာဝ လိင်လက္ခဏာ ကွဲပြားမှုအမျိုးမျိုးအား ရည်ညွှန်းပါသည်။ သင့်ဘာသာစကားဖြင့် LGBTIQA+ ဝေါဟာရအသုံးအနှုန်းကို ပိုမိုလေ့လာရန် QR ကုဒ်ကို စကင်န်ဖတ်ပါ သို့မဟုတ် ဝက်ဘ်ဆိုက် www.agmc.org.au/resources-support/lgbtiq_terminology တွင်ကြည့်ပါ။

**ဩစတြေးလျနိုင်ငံတွင် တစ်စုံတစ်ယောက်အား ၎င်းတို့၏ လိင်တိမ်းညွတ်မှု၊ လိင်အမျိုးအစားတည်ရှိမှုနှင့် လိင်အမျိုးအစားဖော်ပြမှု သို့မဟုတ် လိင်ပိုင်းလက္ခဏာများကြောင့် မမျှမတ သို့မဟုတ် ဆိုးဝါးစွာ ဆက်ဆံခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်။ လူမျိုးခွဲခြားမှုနှင့် မျက်နှာစိမ်း ကြောက်ရွံ့မှုတို့သည်လည်း ဥပဒေနှင့် ဆန့်ကျင်ပါသည်။ ဥပဒေများ ပြဋ္ဌာန်းထားသော်လည်း အကြောင်းမလှစွာဖြင့် ဤခွဲခြားဆက်ဆံမှု အမျိုးအစားများမှာ ဆက်လက်ရှိနေနိုင်ပါသည်။**

**ဤလမ်းညွှန်တွင် ဥပဒေဆိုင်ရာ အကာအကွယ်ပေးမှု၊ ပံ့ပိုးမှုကို မည်သည့်နေရာ၌ ရယူရန်နှင့် အကယ်၍ သင်ခွဲခြားဆက်ဆံခံရလျှင် မည်သို့တိုင်တန်းရမည်ကို အကျဉ်းချုပ် ဖော်ပြထားပါသည်။**

## ဩစတြေးလျနှင့် တက်စ်မေးရီးယား ဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် အကာအကွယ်ပေးမှုများ-

**1.** လိင်တိမ်းညွတ်မှု၊ လိင်အမျိုးအစား တည်ရှိမှုနှင့် လိင်အမျိုးအစား ဖော်ပြမှု၊ လိင်လက္ခဏာများ၊ လူမျိုးနှင့် အခြားအရာများ၌ မွေးရာပါ သဘာဝ ကွဲပြားမှုအမျိုးမျိုးကြောင့် ခွဲခြားဆက်ဆံခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်။ ဤ အကာအကွယ်ပေးမှုများကို ခွဲခြားဆက်ဆံခြင်း တိုက်ဖျက်ရေး အက်ဥပဒေ ၁၉၉၈ ( Anti-Discrimination Act 1998 (Tas)) ၊ လူ့အခွင့်အရေးများ (လိင်ဆိုင်ရာ အပြုအမူ) အက်ဥပဒေ (Human Rights (Sexual Conduct) Act) နှင့် လိင် ခွဲခြားဆက်ဆံမှု ပြင်ဆင်ချက် အက်ဥပဒေ ၂၀၁၃ (Sex Discrimination Amendment Act 2013) တို့တွင် ပြဋ္ဌာန်းထားပါသည်။

**2.** အရွယ်ရောက်သူတို့၏ လိင်တူ ပေါင်းသင်းဆက်ဆံရေးများနှင့် လိင်ကွဲ ပေါင်းသင်းဆက်ဆံရေးများတွင် 'အမှန်စင်စစ်' ( 'de facto') စုံတွဲများကဲ့သို့ တန်းတူအခွင့်အရေးများရှိပါသည်။ ၎င်းတို့တွင် ပေါင်းသင်းဆက်ဆံခြင်း၊ ထိမ်းမြားခြင်းနှင့် မွေးဖွားခြင်း၊ မွေးစားခြင်းနှင့် အခြားအမျိုးသမီးအား ကိုယ်ဝန်ဆောင်ခိုင်းခြင်းတို့အားဖြင့် ကလေးများ ရယူခြင်းတို့ကို မှတ်ပုံတင်ရန် အခွင့်အရေးရှိပါသည်။ ဤအခွင့်အရေးများကို ပေါင်းသင်းဆက်ဆံရေး အက်ဥပဒေ ၂၀၀၃ (Relationships Act 2003 (Tas)) ၊ မွေးစားခြင်း အက်ဥပဒေ ၁၉၈၈ (Adoption Act 1988 (Tas)) ၊ နှင့် ထိမ်းမြားခြင်း ပြင်ဆင်ချက် အက်ဥပဒေ ၂၀၁၇ (Marriage Amendment Act 2017) အပါအဝင် ဥပဒေအမျိုးအမျိုးတွင် ပြဋ္ဌာန်းထားပါသည်။

## LGBTIQA+ မဟာမိတ်

- မဟာမိတ်များမှာ မိမိတို့ကိုယ်တိုင်ကို LGBTIQA+ အဖြစ် မသတ်မှတ်နိုင်သော်လည်း လူမှုအသိုက်အဝန်းအတွင်းရှိ LGBTIQA+ လူများအား ထောက်ခံပေးပြီး ရပ်တည်ပေးကြသူများဖြစ်ကြပါသည်။
- ၎င်းတို့တွင် အကူအညီရယူရန်အတွက် မိသားစုနှင့် မိတ်ဆွေများကို ပံ့ပိုးပေးနေသည့် သို့မဟုတ် ၎င်းတို့ ခွဲခြားဆက်ဆံခံရသည့်အချိန်တွင် ၎င်းတို့အား ရပ်တည်ပေးနေသည့် သင်ပါဝင်နိုင်ပါသည်။
- လူတိုင်းအဖို့ မိမိတို့ကိုယ်တိုင်အနေဖြင့် LGBTIQA+ များ ကြုံတွေ့နေရသည့် ပြဿနာများနှင့် စိန်ခေါ်မှုများအကြောင်းကို အသိပညာရယူရန်အတွက်နှင့် တက်ကြွသော ထောက်ခံပေးသူများဖြစ်စေရန်အတွက် အလွန်အရေးပါ ပါသည်။

## မကျေနပ်ချက် တိုင်တန်းရန် ထောက်ခံမှု-

- သင် ခွဲခြားဆက်ဆံခြင်းကို တန်းတူအခွင့်အလမ်း တက်စ်မေးနီးယား (Equal Opportunity Tasmania) အဖွဲ့အစည်းကို တိုင်တန်းနိုင်သည်။
- Migrant Resource Centre Tasmania (ပြည်နယ်တခွင်) နှင့်
- Working It Out (ပြည်နယ်တခွင်) အဖွဲ့အစည်းသည်လည်း သင့် ပြည်ဝင်ခွင့်ဗီဇာ သို့မဟုတ် လူဝင်မှုအဆင့်အတန်းတို့နှင့် မသက်ဆိုင်စေဘဲ မကျေနပ်ချက်တိုင်တန်းရန် သင့်အား ကူညီပေးနိုင်ပါသည်။

## ပံ့ပိုးဝန်ဆောင်ဌာနများ-

**Working It Out-** အားလုံးသော LGBTIQA+ များနှင့် ၎င်းတို့၏မိသားစုများကို သတင်းအချက်အလက်၊ ပံ့ပိုးမှုနှင့် ကိုယ်စားဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများကို အခမဲ့ လုပ်ဆောင်ပေးသည်။ ပြည်နယ်တခွင်။ www.workingitout.org.au

**Equal Opportunity Tasmania-** အဖွဲ့အစည်းသည် တက်စ်မေးနီးယားတွင် နေထိုင်သူများ သို့မဟုတ် လာရောက်လည်ပတ်သူများအတွက် ခွဲခြားဆက်ဆံခြင်း တိုက်ဖျက်ရေး အက်ဥပဒေ (Anti-Discrimination Act (Tas)) အရ စီမံခန့်ခွဲပေးပါသည်။ www.equalopportunity.tas.gov.au

**QLife-** ဩစတြေးလျနိုင်ငံ တစ်ဝှမ်းလုံးရှိလူများအတွက် LGBTIQA+ အပေါင်းအဖော် ပံ့ပိုးမှုနှင့် လွှဲပို့ပေးမှုများကို အမည်မဖော်ပြဘဲ အခမဲ့ ဆောင်ရွက်ပေးသည်။ QLife သည် စကားပြန်ကို အသုံးပြုနိုင်ပါသည်။ ပြည်ဝင်ခွင့် ဗီဇာနှင့် လူဝင်မှုအဆင့်အတန်း မသက်ဆိုင်စေဘဲ လူအားလုံး QLife ကို အကူအညီတောင်းခံနိုင်သည်။ www.qlife.org.au

**LGBTIQA+ Police Liaison Officers-** ရာဇဝတ်များနှင့် ပြစ်မှုများနှင့်ပတ်သက်၍ LGBTIQA+ များအား ပုဂ္ဂိုလ်ချင်း အကြံဉာဏ်နှင့် ပံ့ပိုးမှုကို လုပ်ဆောင်ပေးသည့်အပြင် ရဲထံ တိုင်ကြားမှုများမှာ ထိုက်သင့်သလို ဆောင်ရွက်ခြင်းအား အာမခံပေးသည်။ www.police.tas.gov.au/what-we-do/lgbti-liaison-officers

**Tasmanian Refugee Legal Service-** LGBTIQA+ ဖြစ်ရခြင်းအပေါ် အခြေခံ၍ အကာအကွယ်ပေးခြင်း ဗီဇာ လျှောက်ထားလိုသည့် တက်စ်မေးနီးယားရှိ မည်သူမဆိုအား ဥပဒေဆိုင်ရာ ပံ့ပိုးပေးသည်။ www.trls.org.au

**Migrant Resource Centre Tasmania-** လူပုဂ္ဂိုလ်များ၊ မိသားစုများနှင့် လူငယ်များအတွက် လျှို့ဝှက်လုပ်ပေးသည့် အခြေခံနေထိုင်ရေး ပံ့ပိုးမှုကို လုပ်ဆောင်ပေးပါသည်။ www.mrctas.org.au

**ဤအစီအစဉ်ကို ထောက်ခံသူ-**

SIDNEY MYER FUND

PRIDE FOUNDATION AUSTRALIA

migrant resource centre TASMANIA

working it out